dvbdebate.com facebook.com/dvb.debateTwitter@dvbdebate

## DVB TV timetable

| | | | |
|---|---|---|---|
| **Sun** | 19:15 | 21:00 | night repeat |
| **Mon** | 10:15 | 15:15 | 21:00 |
| **Wed** | 10:15 | 15:15 | 21:00 |
| **Fri** | 10:15 | 15:15 | 21:00 |

"ဒီဗွီဘီ ဒီဘိတ်" အချေအတင် ဆွေးနွေးပွဲ အစီအစဉ်ကို DVB Multimedia Group က စနေနေ့တိုင်း တိုက်ရိုက် ရိုက်ကူးပြီး ဒီဗွီဘီရုပ်သံလိုင်းမှာ တစ်ဖက်ပါ အစီအစဉ်အတိုင်း ထုတ်လွှင့် တင်ဆက်ပါတယ်။

DVB Debate ဟာ မိမိတို့ရဲ့ အတွေးအမြင် အယူအဆတွေကို လွတ်လပ်စွာ သဘောကွဲလွဲနိုင်ဖို့၊ အပြန်အလှန် နားလည်မှုတွေကို တည်ဆောက်နိုင်ဖို့၊ မြန်မာ့အနာဂတ် ပိုမိုကောင်းမွန်လာစေဖို့၊ လူ့အဖွဲ့အစည်းအတွင်းမှာ ရှိနေတဲ့ ပြဿနာတွေကို အဖြေရှာနိုင်ဖို့၊ လူတိုင်းပါဝင်နိုင်ပြီး မတူကွဲပြားတာတွေကို လက်ခံပေးနိုင်ဖို့၊ အချေအတင်ဆွေးနွေးတဲ့ ယဉ်ကျေးမှုပေါ်ထွက်လာစေဖို့ ရည်ရွယ်ပါတယ်။

မီဒီယာတွေနဲ့ အသင်းအဖွဲ့တွေကိုလည်း အခုလို လွတ်လပ် ပွင့်လင်းတဲ့ ဒီဘိတ်ရဲ့ အချေအတင် ဆွေးနွေးပွဲမှာ ပါဝင်ဖို့ကို ဖိတ်ခေါ်ပါတယ်။ အပတ်စဉ် သတင်းထုတ်ပြန်ချက်များ၊ သတင်းဓာတ်ပုံများနဲ့ ဒီဘိတ်ကာတွန်းကို ရုပ်သံရိုက်ကူးပြီး မကြာခင်မှာပဲ ဒီဗွီဘီဒီဘိတ်ရဲ့ ဖေ့စ်ဘုတ်စာမျက်နှာနဲ့ ဝက်ဘ်ဆိုက်မှာ ကြည့်ရှုနိုင်ပါတယ်။ ပြည်တွင်းမှာ ပြုလုပ်မယ့် အချေအတင် ဆွေးနွေးတဲ့ ဒီဘိတ်တွေကို ပံ့ပိုးကူညီဖို့ DVB Debate မှာ ရန်ပုံငွေ ရှိပါတယ်လို့ အသိပေးလိုပါတယ်။

# DVB DEBATE

ယခုအပတ် ဆွေးနွေးပွဲအတွက် မေးခွန်းကတော့

***"What is good or bad about the new Education Act?"***

ဖြစ်ပါတယ်။

- ❖ မှတ်ချက်ပေးလိုတာ၊ အကြံပြုလိုတာနဲ့ မေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်းနံပါတ် ၀၁ ၂၉၂၇၄၃ နဲ့ debate@dvb.no ကို ဆက်သွယ်ပြီး အဖွဲ့ဝင်တစ်ဦးဦးထံ မေးမြန်းနိုင်ပါတယ်။

**ဒီတစ်ပတ်မှာတော့ `` အမျိုးသားပညာရေးဥပဒေက အားသာချက်၊ အားနည်းချက်တွေကဘာတွေဖြစ်မလဲ´´ ဆိုတဲ့ ဒီဘိတ်ကို ဆွေးနွေးကြမှာ ဖြစ်ပါတယ်။**

ပညာရေးရေချိန်မြင့်မားမှုက တိုင်းပြည်ကိုဘယ်လောက်အထိဆွဲတင်ပြောင်းလဲပေးနိုင်သလဲဆိုတာနဲ့ ပတ်သက်ပြီး နိုင်ငံတကာကပညာရှင်တွေပြောဆိုထားတာတွေရှိသလို ဘာသဘာဝသယံဇာတမှ ကြီးကြီးမားမား ပိုင်ဆိုင်ချင်းမရှိတဲ့ ကျွန်းနိုင်ငံကလေးဟာ လူသယံဇာတကို ပညာရေးစနစ် အခြေခံပြီးကောင်းစွာ အသုံးချနိုင်ခဲ့တာကြောင့် ဒီနေ့ကမ္ဘာမှာ ထိပ်ရောက်နေတဲ့ စင်္ကာပူနိုင်ငံက အကောင်းဆုံးသက်သေလို့လည်း ဆိုနိုင်တဲ့ သာဓကတစ်ခုအဖြစ်ရှိနေပေသည်။

သင်ရိုးညွှန်းတန်းများ မကြာခဏပြောင်းလေ့ရှိ၍ စမ်းသပ်ခံများဖြစ်နေရသည့် မြန်မာနိုင်ငံတွင် သဘာဝတရားမှ လက်ဆောင်ပေးသည့် သက်မဲ့သယံဇာတများကို ကောင်းစွာအသုံး မချနိုင်ခဲ့သလို သက်ရှိလူသားသယံဇာတတို့ကိုလည်း ကောင်းစွာအသုံးမချနိုင်ခြင်းတို့ကြောင့်တစ်ချိန်က မိမိတို့နောက်တွင်ရှိခဲ့သည့် နိုင်ငံများ၏ မျက်ခြေဖြတ်ခံရသည်အထိ ရောက်ရှိခဲ့သည်။

လူသားအပါအဝင် သဘာဝသယံဇာတတို့အတွက် အသက်သွေးကြောသဖွယ်အရေးပါသည့် ပညာရေးအတွက် ဥပဒေတစ်ရပ်အဖြစ် ၂၀၁၄ခုနှစ် စက်တင်ဘာလ ၃၀ ရက်စွဲဖြင့် အမျိုးသား ပညာရေးဥပဒေကို ပြည်ထောင်စုလွှတ်တော်က ပြဌာန်း ပေးခဲ့သည်။ ယင်းဥပဒေမှာ မြန်မာအစိုးရ အနေဖြင့် သမိုင်းတွင် ပထမဆုံးရေးဆွဲသည့် ဥပဒေ တစ်ရပ်ဖြစ်ပြီး မည်သို့အကျိုးသက်ရောက်မည် ဆိုသည့် အပေါ် သဘောကွဲလွဲမှုများ ဖြစ်ပေါ်ခဲ့ပြီး လက်ရှိတွင် နိုင်ငံအတွင်း သပိတ်ပွဲများ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။

နယ်ပယ်ပေါင်းစုံမှ သဘောထားအမြင်ကွဲလွဲမှုများရှိနေပြီး အဓိကအားဖြင့် ဗဟိုချုပ်ကိုင်မှုရာခိုင်နှုန်း၊ ဘတ်ဂျက်ခွဲဝေရေး၊သမ္မဂ္ဂဖွဲ့ခွင့် စသည့်အချက်တို့ပါရှိနေသည်။ လက်ရှိတွင် အဆိုပါ ဥပဒေကို ပြည်ထောင်စုလွှတ်တော်က ပြန်လည်သုံးသပ်ပေးရန် သမ္မတက ပြည်ထောင်စုလွှတ်တော်သို့ သဝဏ်လွှာ ပေးပို့ခဲ့ပြီဖြစ်သည်။

တစ်ဖက်တွင်လည်း ၁၂၈၂ခု၊ တန်ဆောင်မုန်းလဆုတ် ၁၀ရက် (ခရစ်နှစ် ၁၉၂၀၊ ဒီဇင်ဘာ၅) တွင် ဖြစ်ပေါ်ခဲ့သော ကောလိပ်သပိတ်သည် မြန်မာနိုင်ငံကျောင်းသားများလှုပ်ရှားမှုသမိုင်းတွင် ပထမဆုံး ပေါ်ထွက်ခဲ့သော လှုပ်ရှားမှုနှင့် တစ်မျိုးသားလုံးအတွက်လည်း အဖိုးမဖြတ်နိုင်ခဲ့ပေ။ ယင်းမှသည် ဖွဲ့စည်းပုံစည်းမျဉ်းနှင့်တကွ ကျောင်းသားထုတစ်ရပ်လုံးကို ကိုယ်စားပြုသော ကျောင်းသားအဖွဲ့အစည်းအဖြစ် ၁၉၃၁ခုနှစ်တွင် မြန်မာ့ ပထမဦးဆုံး ရန်ကုန်တက္ကသိုလ် ကျောင်းသားများ သမ္မဂ္ဂ ကို တည်ထောင်ခဲ့သည်။ ယင်းနောက်တွင်မှ ဆေးသိပ္ပံကျောင်းသားများ သမ္မဂ္ဂ၊ အင်ဂျင်နီယာကျောင်းသားများသမ္မဂ္ဂ ၊ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားများသမ္မဂ္ဂ နှင့် အခြား ကျောင်းသား သမ္မဂ္ဂတို့ ပေါ်ထွက်ခဲ့ပေသည်။

နှစ်ပေါင်း၂၀ ကျော်ကြာအပြီး ပထဆုံးတက်ရောက်လာသည့် အစိုးရအဖွဲ့သစ်အနေဖြင့် နောင်းခေတ်၏ အရှုပ်အထွေးများကို ဖြည်ရာ၌ အလှုပ်အရမ်းများခဲ့သည်မှာ ဆန္ဒပြမှုများအတွက် ဆန္ဒပြသည်ဟု ပင် စကားရပ်တစ်ခု ဖြစ်ပေါ်လာခဲ့သည်။ ပြည်သူတို့၏ ရင့်ကျက်မှုရေချိန်နှင့် အစိုးရ၏ နည်းစနစ် အလွဲတို့အကြား မြေစာပင်မှာ တိုင်းပြည်နောက်ကောက်ကျနေခြင်းကသာ အဖတ်တင်စေမည်ကို စိုးရိမ်သူတို့ကလည်းပူပန်လျက်ရှိကြသည်။

အသွင်ကူးပြောင်းမှုတစ်ရပ်အတွက် ပေးထားချက်နေရာမှ ဆုပ်ကိုင်လိုသူများ၊ ပြည့်ဝစွာ အကောင် အထည်ဖော်ဆောင်လိုသူများ ၊ နှစ်ပေါင်းများစွာ အသတ်ခံထားရသော မြန်မာ့ပညာရေး ၏ အကျိုးဆက် ပြည်သူ့ရင့်ကျက်မှုရေချိန် အာဏာရှင်စနစ် အပြီးတိုင် မလွတ်သေးသည့် မြန်မာ့နိုင်ငံရေး စသည်တို့ နှင့် တွဲယှက်လျက်ရှိသည့် ယနေ့နိုင်ငံ့အခင်းအကျင်းတွင် ယခုမှစလာမည့် ငါးနှစ်အတွင်း အပြီးသတ် ဖော်ဆောင်ရမည့် အမျိုးသားပညာရေးဥပဒေမှာ အနာဂတ် မြန်မာနိုင်ငံအတွက် မည်သို့ပံ့ပိုးခေါ်ဆောင် သွားနိုင်မည်လဲဆိုသည်ကို ယခုတစ်ပတ် DVB ဒီဘိတ် အစီအစဉ်တွင် ဆွေးနွေးကြမည်ဖြစ်သည်။

## သူတို့အမြင်

အမျိုးသားပညာရေးဥပဒေနှင့် ပတ်သက်၍ "လွှတ်တော်ကို သူတို့အနေနဲ့ တင်ပြလာမယ်ဆိုလို့ရှိရင် ဒီလိုတင်ပြချက်တွေကို အလေးအနက်ထားပြီးဆောင်ရွက်ဖို့ လွှတ်တော်ဘက်က အသင့်ရှိပါတယ်" **သူရဦးရွှေမန်း** - ပြည်ထောင်စုလွှတ်တောင်နာယက

"တကယ်လို့ သမဂ္ဂကိစ္စက ပါလိုက်ရင် ဥပဒေက နှောင့်နှေးသွားမယ်။ ကျမတို့က ဥပဒေကို တခြားနေရာမှာ အမြန်ကို လိုအပ်နေတာ။ အဲဒီတော့ ကျမတို့ ပညာရှင်အနေနဲ့ ပြောမယ် ဆိုရင်တော့ ဘယ်လိုပဲပြောပြော ဒီဥပဒေကို မြန်မြန်ဖြစ်စေချင်တယ်လေ။ နိုင်ငံသား ကောင်း ဖြစ်ဖို့။ နောက် ပညာသင်တာ သက်သက်များတယ်။ ဆိုတော့ ဒါက အဖွဲ့အစည်းတွေဖွဲ့ဖို့၊ သမဂ္ဂဖွဲ့ဖို့က လုံးဝပိတ်ထားတယ်လို့ မဆိုလိုပါဘူး။ နောက်ဆိုလဲ ဥပဒေတွေ လုပ်လို့ရတာပဲ။ ဒါကကျမတို့ ပညာရှင်တွေအမြင်ပေါ့" **ဒေါ်ရင်ရင်နွယ်** - ရန်ကုန်ဝိဇ္ဇာသိပ္ပံတက္ကသိုလ် ကထိကဟောင်း။

***Information links:***

http://www.news-eleven.com/politic/
http://www.thevoicemyanmar.com
**http://www.mizzimaburmese.com**
www.dvb.no
Burmese.dvb.no
**http://dvbdebate.net/**